မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 15/ Issue 5 / May /2022

## A Mother

By: Soe Mon




A mother is special,
You only get one.
She may tuck you up in ...,
And she loves you. You love her too:
But she doesn 't always have to be a mother.
She can be a step mother, an aunt, or even just a friend.
She comes in your times of need, but will also push you.
So be glad you have a mother for:
A mother is special, and you only have one.
So take care, respect and
LOVE her.




**May 3- 2022... Holy Communion Service**

**May 9- 2022 ... Mother's Day Service**

**May 15 – 2022 ... Children's Day**

**May 29 – 2022 ... Evangelical Sunday**

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## MOTHER / အမေ

She stretched out her hand to the poor; yea, she reached forth her hands to the needy. Proverbs 31:20

ဆင်းရဲသော သူတို့အား လက်ကိုဖြန့်၍
ငတ်မွတ်သော သူတို့အား လက်ရုံးကိုဆန့်တတ်၏။
သုတ္တံကျမ်း ၃၁း ၂၀

# မေတ္တာဖြင့် လက်ကမ်းလို့ကြိုဆို

ဤလောကမှာ သခင်ယေရှုခရစ်တော် သက်တော်ထင်ရှား ရှိခဲ့စဉ်အခါက၊ သူ၏နောက်တော်သို့ ထောင်ပေါင်းများစွာသောလူအုပ်ကြီးက ရည်ရွယ်ချက်အမျိုးမျိုး၊ မျှော်လင့်ချက်အဖုံဖုံနဲ့ လိုက်နေကြတယ်လို့ သမ္မာကျမ်းစာက ဖော်ပြခဲ့ပါတယ်။

ဘယ်လိုလူတွေက ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ယေရှုခရစ်တော်၏ နောက်တော်က လိုက်နေကြသလဲလို့ ဆန်းစစ်ကြည့်လိုက်ရင်၊ လူအချို့က မိမိတို့ခံစားနေရသော ရောဂါဝေဒနာများမှ ပျောက်ကင်းချင်လို့ လိုက်ကြတယ်။ အချို့ကတော့ ကိုယ်တော်ရှင်ပြသတဲ့ နိမိတ်လက္ခဏာတွေကို ကြည့်ချင်လွန်း၊ မြင်ချင်လွန်းလို့ ကိုယ်တော်ရှင်နောက်သို့ တကောက်ကောက် လိုက်နေကြပါတယ်။ အချို့ကလည်း ဤပုဂ္ဂိုလ်က ပရောဖက်တစ်ပါးပါး အဖြစ်၊ နိုင်ငံရေးပြောင်းလဲမှုကြီးကို ဖန်တီးနိုင်သူ အရှင်သခင် ယုဒရှင်ဘုရင် ဖြစ်လိမ့်မယ် ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ လိုက်နေကြတာကိုသိမြင်နိုင်ပါတယ်။

ထိုသူတွေရဲ့ရည်ရွယ်ချက်တွေ၊ မျှော်လင့်ချက်တွေကို ခြုံပြီး သုံးသပ်ကြည့်လိုက်ပါရင်၊– အရှုံးအမြတ်ကို ဦးစားပေး စဉ်းစားထားတဲ့ မျှော်လင့်ချက်တွေပါဘဲ။ အဲဒီလို အမြတ်သက်သက် ရဖို့ မက်လုံးတကြီးနဲ့ နောက်တော်ကို လိုက်နေကြတဲ့ ကိုယ်ကျိုးရှာ နောက်လိုက်သမားတွေမှာ သူတို့နားမလည်တဲ့ အချက်တစ်ချက် ရှိနေခဲ့ပါတယ်။

အဲဒီအရာက ဘာလဲဆိုတော့ .. ၊

"လောကလူသားတွေကို ယေရှုခရစ်တော် ပေးလိုသောအရာက ထာဝရအသက်နှင့် ဆိုင်သော အသက်မုန့်၊ ထာဝရအသက်နှင့်ဆိုင်သော အသက်စမ်းရေ ဖြစ်တယ်"– ဆိုတာကို ထိုသူတို့က နားမလည် သဘောမပေါက်ကြ။ သခင်က ပြောသည်မှာ "ဤတရားစကားကြောင့် သင်တို့သည် စိတ်ပျက်ကြသလော။ ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်း မတတ်နိုင်။ ငါပြောသော စကားသည် ဝိညာဉ် ဖြစ်၏။ အသက်လည်း ဖြစ်၏။" ထိုအခါ၊ တပည့်တော် အများတို့သည် ကြားလျှင်၊ "ထိုစကားသည် အလွန်ခက်လှ၏။ အဘယ်သူ နားလည်နိုင်မည်နည်း" ဟု ဆိုကြ၏။

ဒီလို နားမလည်ခဲ့ကြလို့လည်း၊ ကိုယ်တော်ရှင်ထံမှ သူတို့အလိုရှိနေတဲ့ တောင့်တချက်တွေက၊ လောကနဲ့ဆိုင်တဲ့ ရုပ်ဝတ္တုချည်းသက်သက် ၊ လောကီအစိုင်အခဲကြီးသက်သက် ၊ ဖြစ်နေတာမို့ ၊ သူတို့ လိုချင်တာက တစ်မျိုး ၊ ကိုယ်တော်ရှင် ပေးနေတာက တစ်မျိုး ၊ ဖြစ်နေပါတယ်။

ယေရှုခရစ်တော်ကလည်း ထိုသူတွေကို မိမိရဲ့တပည့်ဖြစ်လာရအောင် အလိုလိုက်လို့ သူတို့အကြိုက်ကို မပေးခဲ့ပါ။ အကျိုးအမြတ်သက်သက်ကိုသာ ကြည့်ကြတဲ့ သူတို့ရဲ့ဆန္ဒရမက်ကိုမဖြည့်ပေးခဲ့ပါဘူး။ ဒါကြောင့် ကိုယ်တော်ရှင်က အဲဒီလူတွေကို ပွင့်ပွင့်လင်းလင်း မိန့်တော်မူခဲ့သည်မှာ ထိုသို့သောသူတွေဟာ မိမိရဲ့တပည့်တော်များ ဖြစ်လာဖို့ မလွယ်ဘူး၊ ဘယ်လောက်အထိ မလွယ်သလဲလို့ ပြောရရင် – "ကုလားအုပ်က အလွန်ကျဉ်းတဲ့ အပ်နဖါးပေါက်ကို ဝင်ဖို့ရန် လွယ်ချင်ရင် လွယ်ပါလိမ့်မယ်။ ထိုသူတွေက မိမိတပည့်ဖြစ်ဖို့ နဲ့ ထာဝရအသက်ကို အမွေခံရဖို့ရန် မလွယ်ဘူး၊ အလွန်ပင်ခဲယဉ်းပါတယ်" လို့ မိန့်တော်မူခဲ့တယ်။

ဤကဲ့သို့ ရှင်းလင်းပြတ်သားစွာ မိန့်တော်မူလိုက်ပြီးသည့် နောက်ပိုင်းမှာ၊ နောက်တော်လိုက်လူအုပ်ကြီးက "ဤသူကား ဤလောကသို့ ကြွလာသော ပရောဖက်အမှန် ဖြစ်သည်" ဟု ပြောဆိုနေကြပေမဲ့လည်း တဖွဲဖွဲနဲ့ နောက်တော်ပါးက ဆုတ်ခွါထွက်သွားကြတော့တယ်။

ထိုသို့ လောကီအကျိုးကိုရှာသူများ၊ ကိုယ်ကျိုးရှာသူများ၊ ကိုယ်တော်နှင့်မပေါင်းဘော်ဘဲ ဆုတ်သွားကြ၏။ တပည့်တော်အများတို့သည် မိမိထံတော်ပါးမှ ထွက်ခွါသွား ကြပြီးသည့်နောက်၊ ကိုယ်တော်က တကျိပ်နှစ်ပါးသော မိမိ၏တပည့်များကို မေးလိုက်သည်မှာ၊– (ယော၊ ၆း၆၇)

**"သင်တို့သည်လည်း ထွက်ခွါသွားခြင်းငှါ အလိုရှိကြသလော။"**

ထိုနည်းတူစွာပင်၊– ယနေ့တွင် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားလုံးကို မေးနေပါပြီ။

"သင်တို့သည်လည်း ထွက်ခွါသွားခြင်းငှါ အလိုရှိကြသလော။" ဘယ်လို ဖြေကြပါ့မလဲ ... ??? ။

တမန်တော်ကြီးတပါးဖြစ်တဲ့ ရှင်ပေတရုက –

**"သခင် – ကျွန်ုပ်တို့ အဘယ်သူ့ထံသို့ သွားရပါ့မလဲ၊ ထာဝရအသက်နှင့်ဆိုင်သော စကားသည် ကိုယ်တော်၌သာတည်ပါ၏။ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို အကျွန်ုပ်တို့ ယုံကြည်သိမှတ် ကြပါသည်" – ဟု** ဖြေကြားခဲ့ပါတယ်။

ဤအဖြေဟာ အလွန်ပင် မှန်ကန်တိကျတဲ့ အဖြေ ဖြစ်ပါတယ်။

ယေရှုခရစ်တော်သာလျှင် မပျက်စီးမညှိုးနွမ်းနိုင်တဲ့ ထာဝရအသက်ကို ပေးစွမ်းနိုင်သော အရှင်သခင် ဖြစ်တော်မူပါတယ်။ ကိုယ်တော်ရှင်ထံတော်ပါးမှ ထွက်ခွါပြီး ထာဝရအသက်ကို ရှာနေရင်တော့ ဘယ်နေရာမျိုးမှာမှ မတွေ့နိုင်ငပါ။ ဤလောကမှာ မြင်တွေ့နေသမျှ အရာအားလုံးတို့ အနက် ဘယ်အရာကမှ ယေရှုခရစ်တော်နည်းတူ ထာဝရအသက်ကို မပေးနိုင်ကြတာအမှန်ပါ။ ယေရှုခရစ် တော်တစ်ပါးတည်း သာလျှင်ကယ်တင်ပိုင်ရှင် ဖြစ်သည်ဟု ယုံကြည်သောသူအပေါင်းတို့အား အိုခြင်း၊ နာခြင်း၊ သေခြင်း နဲ့ ကင်းဝေးတဲ့ ထာဝရအသက်ကို ကျေးဇူးတော်ဖြင့် အဖိုးအခမဲ့ပေးနိုင်ပါတယ်။ ထို့အပြင်၊ ကိုယ်တော်ရှင်ကိုလက်ခံယုံကြည်သူအပေါင်း တို့ကို ပျက်စီးဆုံးရှုံးခြင်းသို့ မရောက်ကြရဘဲ၊ ထာဝရအသက်ကိုရသည့်အပြင်၊ အပြစ်သားဖြစ်သူ လောကီသား အယောက်စီတိုင်းအား ကျူးလွန်ပြစ်မှားခဲ့သောအပြစ်များမှလည်း လွတ်ငြိမ်းခွင့်ရမည်အကြောင်း မိန့်တော်မူထားပါတယ်။

လောကီသားတို့ကို ချစ်၍၊ မိမိအသွေးတော်နှင့် အပြစ်များကို ဆေးကြောတော်မူသော ကိုယ်တော်ရှင်သည် သေခြင်းမာရ်ကိုအောင်ပြီး ရှင်ပြန်ထမြောက်သော အရှင်သခင် ဖြစ်သည်။ အသက်ရှင်ရာလမ်းကိုလည်း ညွှန်ပြပေးနိုင်တော်မူသည်သာမက သမ္မာတရားလည်းဖြစ်တော်မူ၍၊ ထိုတရားကို သိရှိသော သူတို့ကို လွတ်မြောက်စေနိုင်သော သခင်ဘုရား ဖြစ်တော်မူပြီး၊ ကြီးမြတ်တော်မူသော ကယ်တင်နိုင်သော ကယ်တင်ရှင်ကြီး ဖြစ်ပါသည်။ (ယော၊ ၁၄း၆ ။ ၁၁း၂၅–၂၆ ။)

ထိုအချက် တို့ကို တမန်တော်ကြီး ရှင်ပေတရုက ကောင်းစွာသိရှိ လက်ခံပြီး၊ အကြွင်းမဲ့

ယုံကြည်၍ မိမိ၏သခင် ယေရှုခရစ်တော်ထံပါးမှ လွဲပြီး၊ အခြားမည်သူ့ ထံမှာမချဉ်းကပ်လိုကြောင်း ခရစ်တော်သည်သာ မည်သည့်အရာနှင့်မျှ အစားထိုး၍ မရနိုင်ကြောင်းကို မိမိနှုတ်မှ ဖွင့်ဟ ဝန်ခံလိုက်ခြင်း ဖြစ်၏။

မှန်ပါသည် ။ ဤလောကမှာ သင်္ချိုင်းရသဘောတရားကို အခြေခံပြီး ရပ်တည်နေကြသော ဓနဂုဏ်၊ ပစ္စည်းဂုဏ်၊ အလှဂုဏ်၊ ပညာဂုဏ်၊ အာဏာဂုဏ်၊ လက်နက်အင်အား၊ သိပ္ပံပညာ၊ အနုမြူစွမ်းအား များမှအစ တည်ထွင်ဆန်းပြားသည့် အတတ်ပညာအမျိုးမျိုးတို့သည် ကျွန်ုပ်တို့ အလွန်အကြူး ဆာလောင်တော်မွတ် တောင့်တ လိုချင်နေကြတဲ့ ထာဝရအသက်နှင့် ငြိမ်သက်ခြင်း ချမ်းသာကို မပေးစွမ်းနိုင်ပါ။

ယေရှုခရစ်တော်တစ်ပါးတည်းသာ ကောင်းကင်ဘုံ၌ရှင်း၊ မြေကြီးပေါ်၌ရှင်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိရှိသမျှ တို့ကို ခံရ၍၊ ထိုအရာတို့ကိုပေးစွမ်းနိုင်သည့် အရှင်သခင် ဖြစ်တော်မူ၏။

ချစ်သောမိတ်ဆွေ ...၊  
ယေရှုခရစ်တော်က သင့်ကို မေတ္တာဖြင့် အသက်စွန့်ကာ ရွေးနှုတ်ကယ်တင်သွားခဲ့ပါပြီ။  
ယခုလည်း မေတ္တာဖြင့် ဖိတ်ခေါ်လျက် လက်ကမ်းလို့ ကြိုဆို နေပါတယ်။

ဝန်လေး၍ပင်ပန်းသော သူအပေါင်းတို့ ...၊  
ငါ့ထံသို့လာကြလော့။  
ငါသည်ချမ်းသာပေးမည်။  
ငါ့ထမ်းဘိုးကိုတင်၍ထမ်းကြလော့။  
ငါ့ထံ၍ နည်းခံကြလော့။  
    ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။  
    သင်တို့စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။  
အကြောင်းမူကား၊–  
    ငါ့ထမ်းဘိုးသည်ထမ်းလွယ်၏။  
    ငါ့ဝန်လည်းပေါ့၏။ ဟု မိန့်တော်မူ၏။ (မဿဲ၊၁၁း၂၈–၂၉)  
ထို့အပြင်၊–  
ငြိမ်သက်ခြင်းကို သင်တို့၌ ငါထားခဲ့၏။  
ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။  
လောကီသားတို့ပေးသကဲ့သို့ ငါပေးသည် မဟုတ်။  
သင်တို့ စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်။ (ယောဟန်၊၁၄း၂၇)

ကျွန်ုပ်တို့တွင်၊– ရွေးချယ်ပိုင်ခွင့်ရှိပါတယ် ။ ရွေးချယ်ပါ ။ မိတ်ဆွေရဲ့အသက်တာအတွက်ပါ ။ သေချာစဉ်းစားပါ။ မိတ်ဆွေရဲ့တမလွန်နောင်ရေး စိတ်ချဖို့ မိမိအလိုကို ငြင်းပယ်၍ ကယ်တင်ရှင် ခရစ်တော်ထံ ယုံကြည်စိတ်ချခြင်းအပြည့်နဲ့လာခဲ့ပါ။ အခြားကိုထွက်မသွားပါနှင့်။ ။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~  
~~~~~~~~~~~~~~~~~~~~~~~~~~

# သာ၍ကောင်းသောအရာများ

# Better Things

## – ပညာရှိကဝိ ရှောလမုန်မင်းကြီး၏ သွန်သင်ချက် –

❖ လူသည် တစ်ယောက်တည်းထက် နှစ်ယောက်သည် သာ၍ကောင်း၏။ ဒေသနာ၊၄း၉

❖ ဆုံးမခြင်းကိုမခံ၊ အသက်ကြီး၍ မိုက်သော ရှင်ဘုရင်ထက်၊  
ပညာရှိသော ဆင်းရဲသား သူငယ်သည် သာ၍ မြတ်၏။ ဒေသနာ၊၄း၁၃

❖ သစ္စာဂတိပြု၍ ဝတ်ကိုမဖြေဘဲ နေသည်ထက်၊  
သစ္စာဂတိ အလျှင်းမပြုဘဲ နေသော် သာ၍ ကောင်း၏။ ဒေသနာ၊၅း၅

❖ လူသည် နှစ်ပေါင်းများစွာအသက်ရှည်၍၊ သားတရာပင်ရှိငြားသော်လည်း၊  
အလိုဆန္ဒ မပြည့်စုံဘဲ၊ သင်္ဂြိုလ်ခြင်းကို မခံရဘဲ သေသွားလျှင်၊  
ထိုသူထက် ပျက်သောကိုယ်ဝန်သည် သာ၍ မြတ်၏။ ဒေသနာ၊၆း၃

❖ ကောင်းသော အသရေသည် နံ့သာဆီထက် သာ၍ကောင်း၏။  
❖ သေရသောနေ့သည်လည်း ဘွားမြင်သောနေ့ထက် သာ၍ကောင်း၏။  
❖ မသာအိမ်သို့သွားခြင်းသည်၊ ပွဲခံရာအိမ်သို့ သွားခြင်းထက် သာ၍ကောင်း၏။ ဒေသနာ၊၇း၃

❖ လူမိုက်သီချင်းဆိုသောစကား ကိုနားထောင်သည်ထက်၊  
❖ ပညာရှိ ဆုံးမသောစကားကို နားထောင်သော် သာ၍ကောင်း၏။ ဒေသနာ၊၇း၅

❖ အမှု၏အဆုံးသည် အစထက် သာ၍ကောင်း၏။  
❖ သည်းခံတတ်သောသဘောရှိသောသူသည် မာနကြီးသောသူထက်သာ၍ ကောင်း၏။ ဒေသနာ၊၇း၈

❖ ပညာသည် ခွန်အားထက် သာ၍ကောင်း၏။  
❖ ပညာသည် စစ်လက်နက်ထက်သာ၍ ကောင်းမြတ်၏။ ဒေသနာ၊၉း၁၆၊၁၈

❖ ပညာကုန်သွယ်ခြင်းသည် ငွေကုန်သွယ်ခြင်းထက် သာ၍ကောင်း၏။  
❖ ပညာကုန်သွယ်၍ရသော အမြတ်လည်း ရွှေစင်ထက် သာ၍ကောင်း၏။  
❖ ပညာသည် ပတ္တမြားထက် သာ၍အဖိုးထိုက်ပေ၏။ သုတ္တံ၊၃း၁၄–၁၅

- ❖ စားစရာမရှိဘဲ ဝါကြွားသောသူထက်၊ အသရေမရှိ၊ ကိုယ်အလုပ်ကို လုပ်ရသောသူသည် သာ၍ကောင်း၏။ သုတ္တံ၊၁၂း၉
- ❖ နှောက်ယှက်ခြင်းနှင့်ယှဉ်၍ ကြီးစွာသော စည်းစိမ်ထက် ထာဝရဘုရားကို ကြောက်ရွံ့ခြင်းနှင့် ယှဉ်သော ဥစ္စာအနည်းငယ်သည် သာ၍ကောင်း၏။ သုတ္တံ၊၁၅း၁၆
- ❖ ဆူအောင်ကျွေးသောနွားတကောင်လုံးကိုအချင်းချင်းအငြိုးထားသောစိတ်နှင့်စားရသည်ထက်၊ ချစ်ခြင်းမေတ္တာပါသော ဟင်းရွက်တနပ်စာသည် သာ၍ကောင်း၏။ သုတ္တံ၊၁၅း၁၇
- ❖ စိတ်ရှည်သောသူသည် ခွန်အားကြီးသောသူထက်ငင်း၊ မိမိစိတ်ကိုချုပ်တည်းသောသူသည် မြို့ကိုတိုက်ယူသောသူထက်ငင်း၊ သာ၍ကောင်း၏။ သုတ္တံ၊၁၆း၃၂
  - ❖ ကောက်လိမ်သော စကားကို သုံးတတ်သောလူမိုက်ထက်၊ ဖြောင့်မတ်ခြင်းလမ်းသို့လိုက်သော ဆင်းရဲသူ သည် သာ၍ကောင်း၏။ သုတ္တံ၊၁၉း၁
  - ❖ ရန်တွေ့တက်သော မိန်းမနှင့် အတူ လူများသောအိမ်၌ နေသည်ထက်၊ အိမ်မိုးပေါ်ထောင့်ထဲမှာနေသော် သာ၍ကောင်း၏။ သုတ္တံ၊၂၁း၉၊၁၉။ ၂၅း၂၄
  - ❖ ဖူးမြင်ရသော မင်းရှေ့မှာ နှိမ့်ချခြင်းကို ခံရ သည်ထက် ဤအရပ်သို့တက်ပါ ဟူသောစကားကို သာ၍ကြားကောင်း၏။ သုတ္တံ၊၂၅း၇
- ❖ ထင်ရှားစွာ ဆုံးမပြစ်တင်ခြင်းသည် တိတ်ဆိတ်စွာ ချစ်ခြင်းထက် သာ၍ကောင်း၏။ သုတ္တံ၊၂၇း၅
- ❖ နီးသောအိမ်နီးချင်းသည် ဝေးသော ညီအစ်ကိုထက် သာ၍ကောင်း၏။ သုတ္တံ၊၂၇း၁၀
  - ❖ မမှန်သောအမှုကို ပြုသောသူ ငွေရတတ်ခြင်းထက် ဖြောင့်မတ်ခြင်းလမ်းသို့လိုက်သော ဆင်းရဲသားသည် သာ၍ကောင်း၏။ သုတ္တံ၊၂၈း၆
  - ❖ ဖူးမြင်ရသော မင်းရှေ့မှာ နှိမ့်ချခြင်းကို ခံရသည်ထက် ဤအရပ်သို့ တက်ပါ ဟူသောစကားကိုသာ၍ ကြားကောင်း၏။ သုတ္တံ၊၂၅း၇
- ❖ ထင်ရှားစွာ ဆုံးမပြစ်တင်ခြင်းသည် တိတ်ဆိတ်စွာ ချစ်ခြင်းထက် သာ၍ကောင်း၏။ သုတ္တံ၊၂၇း၅
- ❖ ကိုယ်အဆွေခင်ပွန်းနှင့် အဘ၏ အဆွေခင်ပွန်းကို မစွန့်နှင့်။ အမှုရောက်သော ကာလ၌၊ ညီအစ်ကို အိမ်သို့ မသွားနှင့်။ နီးသောအိမ်နီးချင်းသည် ဝေးသော ညီအစ်ကိုထက်သာ၍ ကောင်း၏။ သုတ္တံ၊၂၇း၁၀
- ❖ မမှန်သောအမှုကို ပြုသောသူသည် ငွေရတတ်သော်လည်း၊ ဖြောင့်မတ်ခြင်းလမ်းသို့ လိုက်သော ဆင်းရဲသားသည် သာ၍မြတ်၏။ သုတ္တံ၊၂၈း၆

# *A Mother's Love*

*By A. Katryn*

*A mother gives her children*
*Stepping stones to the stars.*
*Her love is unconditional;*
*Her heart has no bars.*

*A mother teaches her children*
*To be confident and bold.*
*Her special love for her children,*
*More valuable than silver or gold.*

*A mother picks up her children*
*And wipes away life's tears.*
*She scares away monsters in the night*
*And silences life's fears.*

*A mother celebrates*
*Her children's accomplishments in life.*
*She hurts and cries with them*
*When life brings times of strife.*

*A mother shares her love freely*
*With her tender loving way.*
*She grows more beautiful*
*To her children with each passing day.*

*Mother, I'm grateful*
*for all these things that you do,*
*And on this special Mother's Day,*
*I want you to know how much I love you.*